## ၄။ ရှိုးတာကအစစ်၊ ဆန်းတာကအပြစ်

Dr. အောင်သူ ။ ။ ကပ္ပိယရဲ့ ပဓာနတာဝန် ဝတ္တရားက ရဟန်းတော်များ ဝိနည်းသီလနဲ့အညီ နေထိုင်သီတင်းသုံးနိုင်ဖို့ စောင့်ရှောက်ပေးနေသူလို့ နားလည်ထားပါတယ်ဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်။

Dr. အောင်သူ ။ ။ သို့သော် တပည့်တော်တို့ အနီးပတ်ဝန်းကျင်မှာကို တချို့သော ရဟန်းသံဃာတွေဟာ သီလအပိုင်းမှာ အားတော်တော်နည်းလာတာ ဖူးတွေ့နေရပါတယ်ဘုရား။

ဆရာတော် ။ ။ အေးဟုတ်တယ်။

Dr. အောင်သူ ။ ။ ဒါကြောင့် ဝိနည်းသီလနဲ့အညီ ကျင့်ကြံနေတော်မူတဲ့ ရဟန်းတော်များရဲ့အနေအထိုင်က ထူးဆန်းသလိုလိုမျိုးများ ဖြစ်လာနေပြီလားလို့တောင် တွေးနေမိပါတယ်ဘုရား။

M.Sc ကျောင်းသား ။ ။ ဆိုင်ကယ်မောင်းတာ၊ ကားမောင်းတာကို မြင်ဖူးခါစမှာ အထူးအဆန်း ဖြစ်ခဲ့တယ်။ အခုတော့ မြင်ဖန်များလာတော့ ရိုးသွားပါပြီဘုရား။

ဆရာတော် ။ ။ အေးဟုတ်တယ်။

M.Sc ကျောင်းသား ॥ ॥ ရဟန်းတော်များ ငွေကိုင်ပြီး ဈေးဝယ်နေတာကို မြင်ပါများတော့ ရိုးနေပါပြီဘုရား॥

ဆရာတော် ॥ ॥ အေးဟုတ်တယ်॥

Dr. အောင်သူ ॥ ॥ အခုအခါမှာက ငွေမကိုင်တဲ့ ရဟန်းတော်များကို ဖူးမြင်ရတာက အထူးအဆန်းလို ဖြစ်လာပါတယ်ဘုရား॥

ဆရာတော် ॥ ॥ အေးဟုတ်တယ်॥ လူတစ်ယောက်က အကြောင်းအရာတစ်ခုကို *'ထူးဆန်းလိုက်တာကွာ'* လို့ သူငယ်ချင်းတစ်ယောက်ကို ပြောပြတယ်။ သူငယ်ချင်းက *'ဒါများ အထူးအဆန်းလုပ်လို့၊ ရိုးနေပြီ'* လို့ ပြောလိုက်တယ်။ ပတ်ဝန်းကျင်မှာလည်း မမြင်ခင်၊ မကြားခင်က ထူးဆန်းတယ်လို့ ထင်ကြတယ်။ မြင်ဖန်၊ ကြားဖန်များလာတဲ့အခါမှာတော့ ရိုးကုန်တယ်ဒကာကြီး॥

Dr. အောင်သူ ॥ ॥ မှန်ပါဘုရား॥

ဆရာတော် ॥ ॥ ဒုတိယသင်္ဂါယနာတင်ခဲ့ရတဲ့ အကြောင်းရင်းတွေထဲမှာ ရဟန်းတွေ ငွေအလှူခံတာလည်း တစ်ခုအပါအဝင်ဖြစ်တယ်။ ဘုရားပရိနိဗ္ဗာန်စံတော်မူပြီး နှစ်တစ်ရာလောက်ကြာတဲ့ကာလမှာ ရဟန်းတော်များ ငွေအလှူခံတာက ပတ်ဝန်းကျင်မှာ အထူးအဆန်းကြီးကို ဖြစ်ခဲ့တယ် ဒကာကြီး॥

M.Sc ကျောင်းသား ॥ ॥ မှန်လှပါဘုရား၊ ဒီနေ့တော့ ရိုးနေပါပြီဘုရား။

ဆရာတော် ॥ ॥ နဘူးကျင်းဆရာတော်ကြီးက ငွေမကိုင်တဲ့ ရဟန်းတစ်ပါးက သံဃာတွေကြားထဲ သွားနေမိရင် ဖော်ကောင်ဖြစ်သတဲ့ ဒကာကြီး။

Dr. အောင်သူ ॥ ॥ ဘယ်လိုဖော်ကောင်ပါလဲဘုရား။

ဆရာတော် ॥ ॥ အကြောင်းစုံမိတိုင်း *'ဦးဇင်း ငွေမကိုင်ဘူး' 'ဦးဇင်း ငွေမကိုင်ဘူး'* လို့ ပြောပြောနေရလို့တဲ့။

Dr. အောင်သူ ॥ ॥ တင်ပ့ါဘုရား။

ဆရာတော် ॥ ॥ ကြားဖူးတာလေး ပြောပြဦးမယ်။ တောင်ပေါ်ကျောင်းက ဝိနည်းလေးစားတဲ့ ဆရာတော်ကြီးက *'နေလွဲညစာစားရင် အာပတ်သင့်တယ်၊ ရွှေငွေကိုင်ရင် အာပတ်သင့်တယ်၊ မာတုဂါမနဲ့ နှစ်ယောက်ထဲ အခန်းထဲမှာ စကားပြောရင် အာပတ်သင့်တယ်၊ အာပတ်သင့်တယ်၊ အာပတ်သင့်တယ်'* လို့ ပြောတာကို ရွာထဲက ဒကာ ဒကာမတွေက မကြာခဏ ကြားနေရသတဲ့ မောင်ကျောင်းသား။

M.Sc ကျောင်းသား ॥ ॥ မှန်ပါ၊ တကယ်လည်း အာပတ်သင့်နေတာ မဟုတ်ပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ သို့သော် သာသနာတော် ဆိုင်ရာ ဗဟုသုတနည်းပါးရှာတဲ့ ဒကာမကြီးတစ်ယောက်က *'တောင်ပေါ်မှာ ဆရာတော်ကြီး အာပတ်သင့်လို့တဲ့ ညဆွမ်းလည်း မဘုဉ်းပေးရရှာဘူး၊ ငွေလည်း မကိုင်ရရှာဘူး၊ ကျောင်းထဲမှာ မာတုဂါမနဲ့ စကားတောင် လွတ်လွတ်လပ်လပ် မပြောရရှာဘူးတဲ့၊ ဒါကြောင့် တောင်ပေါ်က ဆရာတော်ကြီးကို ရွာထဲက ဘုန်းကြီးကျောင်းပင့်ကြရင် ကောင်းမယ် ငါ့မြေး'* လို့ သူ့မြေးလေးနဲ့ တိုင်ပင်သတဲ့ မောင်ကျောင်းသား။

M.Sc ကျောင်းသား ။ ။ အဖွားက တောင်ပေါ်မှာ အာပတ်သင့်ပြီး တောင်အောက်က ရွာကျောင်းမှာတော့ အာပတ်မသင့်ဘူးလို့ ယူဆထားဟန်တူတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ဟန်တူတယ်။ သူ့မြေးလေးကို ဆက်ပြီး မှာတယ်တဲ့ *'ရွာကျောင်း ဆရာတော်တွေက မိန်းကလေးတွေရဲ့ လက်ကိုကိုင်ပြီး လက္ခဏာကြည့်ပေးတာ၊ မီးယပ်ဆေးဖော်ပေးနေတာလည်း အဖွားမြင်နေတာပဲ၊ ဒီကဆရာတော်တွေ အာပတ်သင့်တယ်လို့ တစ်ခါမှ မကြားမိဘူး။ တောင်ပေါ်ဘုန်းကြီးကျောင်းက ဘာဖြစ်နေတယ်မသိဘူး၊*

*ညဆွမ်းဘုဉ်းပေးရင်ကို အာပတ်သင့်သတဲ့၊ ဒီတော့ အဖွားတို့ ညဆွမ်းကပ်တဲ့ ကုသိုလ်မရတော့ဘူး ပေါ့ ငါ့မြေးရယ်၊ ဒါကြောင့် ဆရာတော်ကြီးကို တောင်ပေါ်ကျောင်းမှာသာ အာပတ်သင့်နေတာ ရွာကျောင်းမှာ အာပတ်မသင့်ဘူးဘုရားလို့ သေသေ ချာချာလျှောက်နော်’လို့* သူ့မြေးလေးကို မှာသတဲ့ မောင်ကျောင်းသား။

M.Sc ကျောင်းသား ။ ။ ခက်ပါဘိဘုရား။ အဲဒီ အဖွားက တောင်ကျောင်း ပေါ်ကဝိနည်းလေးစားတဲ့ ဆရာတော်ရဲ့ အနေ အထိုင်က ဆန်းနေပြီး၊ ရွာထဲက ဆရာတော်ရဲ့ အနေအထိုင်က မြင်ရဖန်များတော့ ရိုးနေတာ ထင်ပါတယ်။

ဆရာတော် ။ ။ ဟုတ်တယ်။ ရိုးတာက နှစ်မျိုးရှိတယ်၊ ဆန်းတာ ကလည်း နှစ်မျိုးရှိတယ် မောင်ကျောင်းသား။

M.Sc ကျောင်းသား ။ ။ မှန်ပါ၊ ဘယ်လိုနှစ်မျိုးပါ လဲဘုရား။

ဆရာတော် ။ ။ ဘုရားဥပဒေအတိုင်း ကျင့်သုံးတာကို မြင်ဖန် များလို့ ရိုးနေတာကတစ်မျိုး၊ ဝိနည်းမကျင့် တော့တာကို မြင်ပါများလို့ ရိုးနေတာကတစ်မျိုးတဲ့ မောင်ကျောင်းသား။

M.Sc ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ॥ ॥ ဘုရားရှင်ဥပဒေတော်
အတိုင်း မကျင့်သုံး
တော့တာကို ရုတ်တရက်မြင်ရလို့ ဆန်းတာက တစ်မျိုး၊ ကျင့်သုံးတာကို ရုတ်တရက်မြင်ရလို့ကို ဆန်းနေတာက တစ်မျိုးတဲ့ မောင်ကျောင်းသား။

M.Sc ကျောင်းသား ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ ဒါကြောင့် -

*'ရဟန်းရိုးတော့ ရဟန်းချစ်၊*
*ရဟန်းဆန်းတော့ ဒကာချစ်၊*
*ရိုးတာကအစစ်၊ ဆန်းတာကအပြစ်'* တဲ့
မောင်ကျောင်းသား။

M.Sc ကျောင်းသား ॥ ॥ မှန်ပါ၊ မှတ်သားထား
ပါ့မယ်ဘုရား။

---

ကျမ်းညွှန်း

* ပဉ္စမဘာဏဝါရာ၊ သတ္တသတိကက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ (နှာ-၄၉၁)